# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊

(၁၉၆၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်။)

အောက်ပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေ

[၁၉၆၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်။ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေဟု ခေါ်တွင်ရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့အက်ဥပဒေပုဒ်မ ၂ နောက်တွင် အောက်ပါကို ပုဒ်မ ၂-က အဖြစ်ဖြင့် ထည့်သွင်းရမည်

ရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ဆိုင်ရာ သဘောတူ စာချုပ်အသီးသီးပါ အပိုဒ်များတွင် ပြင်ဆင်ချက်များကို လက်ခံရန် အာဏာ အပ်နှင်းခြင်း၊

"၂-က။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက အောက်ပါ ကိစ္စများအတွက် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရအား အာဏာ အပ်နှင်းနိုင်သည်။

(က) အပြည်ပြည်ဆိုင်ရာ ရံပုံငွေ အဖွဲ့ က ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့ကဖြစ်စေ၊ အခါအားလျော်စွာ ဆုံးဖြတ်အတည်ပြုသည့် ရံပုံငွေအဖွဲ့စာချုပ်ပြင်ဆင်ချက်များ၊ သို့မဟုတ် ဘဏ်အဖွဲ့စာချုပ် ပြင်ဆင်ချက်များ ဆိုင်သင့်ရာရာကို လက်ခံရန်ကိစ္စ၊ ထို့ပြင်

(ခ) ထိုပြင်ဆင်ချက်များအရ၊ သက်ရောက်မည့် တာဝန်များ ဆောင်ရွက်မှု အပါအဝင် ထိုပြင်ဆင်ချက်များ အကျိုးသက်ရောက်စေခြင်းငှါ လိုအပ်သည့် ဆောင်ရွက်မှု အရပ်ရပ်တို့ကို ပြုလုပ်ပေးရန်ကိစ္စ။"

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၃ နောက်တွင် အောက်ပါကို ပုဒ်မ ၃-က အဖြစ်ဖြင့် ထည့်သွင်းရမည်။

“၃-က။ ။အခြားတည်ဆဲ တရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ အထူးငွေထုတ်ယူခွင့်များ (Special Drawing Rights) နှင့် အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့မှ ဖန်တီးမည့် နိုင်ငံခြားသုံး သီးသန့်ငွေ သဘောသက်ဝင်သည့် အခြားပစ္စည်းများကို ရယူရန်၊ ၎င်း၏ သုံးစွဲငွေအတွက် ရံပုံငွေ တစိတ်တဒေသအဖြစ် လက်ရှိထားရန်၊ သို့မဟုတ် အသုံးပြုရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်အား ဤအက်ဥပဒေဖြင့် အာဏာအပ်နှင်းသည်။”

ရံပုံငွေအဖွဲ့မှ ဖန်တီးမည့် နိုင်ငံခြားသုံး သီးသန့်ငွေများကို ပြည်ထောင်စုဘဏ်က လက်ရှိထားနိုင်ခြင်း၊

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်။
(၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်။)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။